# Streaming video တစ်ခုကို save လုပ်ပြီး DVD အဖြစ် burn မယ်




iLivid နဲ့ YouTube ကြည့်နိုင်ပါတယ်

Online content အများစုဟာ copyright နဲ့ ကာကွယ်ထားပါတယ်။ ဒီ copyright မူပိုင်ခွင့်ရှိသူက ဒီ video content ကို DVD နဲ့ ရောင်းချပါက မိမိကိုယ်ပိုင် DVD နဲ့ burn မလုပ်သင့်ဘဲ DVD ဝယ်ယူရမှာလို့ ဥပဒေအရသတ်မှတ်ထားပါတယ်။

တချို့ video တွေဟာ အများပြည်သူကြည့်နိုင်ဖို့ အခမဲ့ပေးထားတာတွေရှိပါတယ်။ အဲ့ဒီလို video တွေကို DVD burn တဲ့နေရာမှာ ဥပဒေအကြောင်းအရ ကန့်သတ်ချက်တွေမရှိပါ။ ဒါပေမဲ့ အဲ့ဒီ video ကိုတော့ ပထမဆုံးအနေနဲ့ hard drive အထဲကို download ရယူရမှာဖြစ်ပြီး ဒီနောက်မှ DVD burn ရမှာဖြစ်ပါတယ်။

Streaming video တွေကို download လုပ်ဖို့ အခမဲ့ရနိုင်တဲ့ program ၂ မျိုးရှိပါတယ်။ ပထမတစ်ခုက iLivid ဖြစ်ပြီး *go.pcworld.com/ilivid* ကတဆင့်လည်းကောင်း၊ ဒုတိယတစ်ခုဖြစ်တဲ့ FVD Suite ကို go.pcw orld.com/fvd မှတဆင့်လည်းကောင်း ရယူနိုင်ပါတယ်။ ၂ ခုစလုံးဟာ တခြားသော software တွေက မလုပ်ဆောင်ပေးနိုင်တဲ့ capture လုပ်ခြင်းကို ဆောင်ရွက်ပေးနိုင်ပါတယ်။ Ilivid အနေနဲ့ vimeo နဲ့ တွဲပြီးအလုပ်မလုပ်နိုင်သလို FVD suite ကလည်း YouTube နဲ့ မတွဲနိုင်ပါဘူး။

Ilivid ကို install လုပ်တဲ့အခါ သတိထားရမယ့် အချက်တစ်ခုကတော့ သူနဲ့အလားတူ တခြား program တွေ ရှိမနေစေဖို့ ဖြစ်ပါတယ်။ Video file တွေကို disc အဖြစ် burn ဖို့ Microsoft Movie Maker ကို အသုံးပြုခဲ့ပါတယ်။ သူဟာ Windows XP ၊ Vista တို့မှာ တစ်ပါးတည်းရှိပေမဲ့ Windows 7 အတွက်ဆိုရင်တော့ Windows Essentials Collection ကို *go.pcworld.com/essentials* မှတဆင့် အခမဲ့ download ရယူနိုင်ပါတယ်။ Windows 7 သုံးသူတွေအနေနဲ့ အရင်ကအသုံးပြုနိုင်ပေမဲ့ အခုဆက်လက်သုံးနိုင်ဖို့ update လုပ်သင့်ပါတယ်။

Movie Maker ကတော့ အရမ်းကောင်းတဲ့ program တစ်ခုမဟုတ်ပါဘူး။ Creative ဖြစ်ဖြစ် သုံးဖို့အတွက်ဆိုရင် အဆင်မပြေနိုင်ပါဘူး။ ဒါပေမဲ့ အခမဲ့ရပြီး DVD burn လုပ်ဖို့ဆိုရင်တော့ လွယ်ကူစွာသုံးနိုင်တဲ့ program တစ်ခုဖြစ်ပါတယ်။

# Office program တွေကို Windows Phone 8 မှာ အသုံးပြုခြင်း

Windows phone 8 ပေါ်မှာ Word ၊ Excel ၊ Power Point တွေကို အသုံးပြုနိုင်ပါတယ်။ ဒါပေမဲ့ အကန့်အသတ်တွေတော့ ရှိနေပါတယ်။ OneNote mobile နဲ့ SharePoint workspace mobile တွေမှာလည်း တွဲသုံးနိုင်ပါတယ်။

Office hub မှာ လက်ရှိလုပ်ကိုင်နေတဲ့ document တွေကို မြင်တွေ့နိုင်ပါတယ်။ Places tab မှာလည်း phone ထဲက document တွေ၊ email က attachment တွေ၊ Sky Drive မှာ သိမ်းထားတဲ့ document တွေကို မြင်တွေ့နိုင်ပါတယ်။ Exchange ကတဆင့် ကိုယ့် phone ထဲကို document တွေ ကူးထည့်ပြီးပြီဆိုရင် handset ထဲမှာပဲ edit လုပ်နိုင်ပါတယ်။

Places tab မှဖြစ်စေ၊ Recent tab မှဖြစ်စေ၊ document တွေ ကို ဖွင့်ပါ။ Word က pencil icon ဖြစ်စေ၊ Excel function icon နဲ့ဖြစ်စေ edit လုပ်နိုင်ပါတယ်။ Document ကို ဖွင့်ကြည့်ဖို့ဘယ်နေရာမှာမဆို tap လုပ်ပါ။ Outline ကို press လုပ်ပါ။ Zoom In/Out ၊ copy ၊ paste စတာတွေကိုလည်း အရင်တုန်းက phone မှာ အသုံးပြုခဲ့တဲ့အတိုင်း ဆောင်ရွက်နိုင်ပါတယ်။ Start screen မှာလည်း document တွေ pin လုပ်ထားနိုင်ပါတယ်။

Document တွေဖျက်ဖို့ places tab ကိုသွားပါ။ Phone ကို tap လုပ်ပြီး ဖျက်လိုတဲ့ document ကို ဖိထားပါ။ Delete ကိုရွေးပြီး confirm လုပ်ပါ။ Back button ကိုနှိပ်ပြီးလည်း cancel လုပ်နိုင်ပါတယ်။ Protect လုပ်ထားတဲ့ document တွေကို ဖွင့်ဖို့ need credentials ကို tap လုပ်ပါ။ ချိတ်ထားတဲ့ email account ရဲ့ username ၊ password ကို ရိုက်ထည့်ပါ။ Document တွေကိုလည်း SkyDrive မှာ Backup လုပ်ထားနိုင်ပါတယ်။




Office hub မှာ places နဲ့ recent ဆိုပြီး primary tab ၂ ခုရှိပါတယ်